# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅၅/၅၇၁

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၇ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၂တွင် ချမှတ်သော ၂၀၁၇ခုနှစ်၊ ဇွန် လ၃၀ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ်အယူခံမှု။

| | | |
|---|---|---|
| ၁။ ဦးစိုးမင်းဦး | နှင့် | ဦးအောင်ဌေး |
| ၂။ ဒေါ်အိသူထက် | | |

..............................................................................................

| | | |
|---|---|---|
| ဦးအောင်ဌေး | နှင့် | ၁။ ဦးစိုးမင်းဦး<br>၂။ ဒေါ်အိသူထက် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

အယူခံတရားလိုများအတွက် - ဦးဖြိုးသွင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးနေဝင်း၊ တရားလွှတ်တော်ရှေ့နေ

..............................................................................................

အယူခံတရားလိုအတွက် - ဦးနေဝင်း၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - ဦးဖြိုးသွင်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

ပုသိမ်ခရိုင်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၇၂ တွင် ဦးအောင်ဌေးက ဦးစိုးမင်းဦး ပါ ၂ ဦး အပေါ် အစုစပ်လုပ်ငန်းဖျက်သိမ်း၍ စာရင်းရှင်းလင်း ခွဲဝေပေးစေလိုမှု စွဲဆိုရာတရားပြိုင်တို့သည် စာရင်းရှင်းလင်းပြီးပေးလျော်ရန် တာဝန်ရှိသောငွေ ၃၉၅၆၆၅၀၀ အား စရိတ်နှင့်တကွ ပေးဆပ်စေရန် ဒီကရီ ချမှတ်ခဲ့သည်။ ယင်းဒီကရီကို တရားပြိုင်များက

ကျေနပ်မှုမရှိ၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၄၂ ဖြင့် အယူခံရာမူလခရိုင် တရားရုံး၏ ၂-၂-၂၀၁၇ ရက်နေ့တွင် ချမှတ်ခဲ့သော ဒီကရီကိုပယ်ဖျက်၍ မူလခရိုင်တရားရုံးသည် အမှုအားမူလမှု နံပါတ်ဖြင့် ပြန်လည် ဖွင့်၍ တရားလို၊ တရားပြိုင်တို့ရထိုက် ခွင့်ရှိသောအချိုးနှင့် အစုစပ်လုပ်ငန်း ဖျက်သိမ်းကြောင်း ကြေညာသည့် ပဏာမဒီကရီချမှတ်ကာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်စာရင်း ကောက်ယူစေရန် ညွှန်ကြားသည့် ဒီကရီ ပြင်ဆင်ချမှတ်ခဲ့သောကြောင့် မူလရုံးတရားပြိုင်များ ဖြစ်သော ဦးစိုးမင်းဦး ပါ ၂ ဦးက လည်းကောင်း၊ မူလရုံးတရားလို ဦးအောင်ဌေး ကလည်းကောင်း အသီးသီးတင်သွင်းလာသော တရားမအယူခံမှုများ ဖြစ်ကြသည်။ ဤတရားမအယူခံမှု ၂ မှုသည် မူလ ပုသိမ်ခရိုင်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၇၂ အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤစီရင်ချက်သည် အဆိုပါ အယူခံမှု ၂ မှုလုံးနှင့် သက်ဆိုင်စေရမည်။

အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် အလှပြင်ဆိုင်ခန်းအား နှစ်ဦးသဘောတူ အကျိုးတူလုပ်ဆောင်ရန် ၁-၆-၂၀၁၁ ရက်နေ့တွင် ကတိစာချုပ် ချုပ်ဆိုလုပ်ကိုင်ခဲ့ကြောင်း၊ ပုသိမ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ မြေနုလမ်းအမှတ် ၄၂(အ) တွင် မီဇူးအလှပြင်ဆိုင် လုပ်ငန်း လုပ်ကိုင်ခဲ့ရာတရားလိုမှ ကုန်ကျစရိတ်အားလုံးစိုက်ထုတ်ပြီး တရားပြိုင်တို့က လုပ်ငန်းကိစ္စအဝဝ အား တာဝန်ယူ လုပ်ကိုင်ခဲ့ကြကြောင်း၊ ၁-၆-၂၀၁၁ စာချုပ်မှာစည်းကမ်းချက် ၃ ချက်ဖြင့် ချုပ်ဆို ခဲ့ကြောင်း၊ မီဇူးအလှပြင်ဆိုင်လုပ်ငန်း အရှုံးပေါ်နေသဖြင့် ရပ်ဆိုင်းရမည်ဖြစ်သောကြောင့် နစ်နာကြေးငွေကျပ် ၃၉၃၄၀၀၀၀ ရပြီးနောက်ထပ်ပစ္စည်းပေါ်တွင် နစ်နာကြေးငွေကျပ် ၂၂၆၅၀၀၊ စုစုပေါင်း ၃၉၅၆၆၅၀၀ အား အရှုံးပေါ်နစ်နာခဲ့သဖြင့် နစ်နာကြေးရလိုကြောင်း ပုသိမ်ခရိုင် တရားရုံးတွင် တရားစွဲဆိုရာ တရားမကြီးမှုအမှတ် ၉၁/၂၀၁၃ ဖြင့် လက်ခံဆောင်ရွက် ခဲ့ပြီးနောက် စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှု စွဲဆိုရာအဆိုလွှာအားပယ်ခဲ့သဖြင့် ယခုအမှု စွဲဆိုရခြင်း ဖြစ်ကြောင်း၊ စာရင်းရှင်းလင်းပြီး ၃၉၅၆၆၅၀၀ ကျပ် ပေးလျော်ရန် အဆိုပြုသည်။

ချေလွှာတွင် သက်သေခံ (က) စာချုပ်မှာ တံဆိပ်ခေါင်းလုံလောက်မှုမရှိသဖြင့် မူလကပင် ပျက်ပြယ်နေကြောင်း၊ မီးစက်မရှိသဖြင့် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ဧည့်သည်များစိတ်ပျက်ခြင်း၊ အနားတွင် တိုနီထွန်းထွန်း အလှပြင်ဆိုင်နှင့် ဒီဒီးအလှပြင်ဆိုင် ဖွင့်လှစ်လာပြီး တရားလိုက လိုအပ်သော စက်ရိယာနှင့်ပစ္စည်းမဖြည့်ခြင်း၊ ဝန်ထမ်းများအပေါ် ဆက်ဆံရေးမပြေပြစ်ခြင်း၊ တရားပြိုင်များက အရှုံးကိုတစ်ဝက်စီကျခံပြီး ကြိုးစားလုပ်ကိုင်နေပါလျက် တရားလိုမှ နို့တစ်စာ ပေးပြီး လုပ်ငန်းရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ၁၀ လပိုင်းထိ လစဉ် စာရင်းရှင်းလင်းပြီး ဖြစ်ကြောင်း၊ တရားလိုတွင် နစ်နာမှုမရှိကြောင်း၊ စာရင်းကိုင်တွယ်သူမှာ တရားလိုဖြစ်၍ စာရင်း ရှင်းလင်းဖျက်သိမ်းရန် မရှိကြောင်း၊ တရားမကြီးမှုအမှတ် ၉၁/၂၀၁၃ ကို ပုသိမ်ခရိုင်တရားရုံး တွင် တရားမစွဲမီ ၉-၁၁-၂၀၁၃ ရက်နေ့မှာပင် လုပ်ငန်းရပ်စဲပြီးဖြစ်သောကြောင့် ထပ်မံဆောင်ရွက်ရန် ကိစ္စများမရှိတော့ကြောင်း နစ်နာကြေးတောင်းဆိုပိုင်ခွင့် မရှိကြောင်း ချေပသည်။

ပုသိမ်ခရိုင်တရားရုံးကအမှုတွင် တရားလိုနှင့် (၁) (၂) တရားပြိုင်လင်မယားတို့သည် အစုဝင်များဖြစ်ကြပြီးအစုဝင် အမှတ်စဉ် (၁) (၂) တရားပြိုင်တို့သည် တမင်ပေါ့လျော့မှု၊ ရိုးသားမှု မရှိခြင်း၊ ဖြောင့်မတ်တည်ကြည်မှုမရှိခြင်းတို့ကြောင့် လုပ်ငန်းတွင် အရှုံးပေါ်ခဲ့ရခြင်းမျိုးဖြစ် သဖြင့် လုပ်ငန်းအရှုံးပေါ်ခဲ့ရသည့်အပေါ် တရားလိုဦးအောင်ဌေးရသင့်ရထိုက်သည့် နစ်နာကြေး

လျော်ကြေးပေးရန် တာဝန်ရှိနေ၍ ပဏာမဒီကရီချမှတ်ရန် မလိုအပ်သဖြင့် အပြီးသတ် ဒီကရီချမှတ်ရန်သာ ဖြစ်ကြောင်း သုံးသပ်၍ (၁) တရားပြိုင် ဦးစိုးမင်းဦး နှင့် (၂) တရားပြိုင် ဒေါ်အိသူထက်တို့သည် တရားလို ဦးအောင်ဌေးအား အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပြီးနောက် ပေးလျော်ရန် တာဝန်ရှိနေသောငွေ ၃၉၅၆၆၅၀၀ (ကျပ်သုံးရာကိုးဆယ့် ငါးသိန်းခြောက်သောင်းခြောက်ထောင့်ငါးရာတိတိ) အား စရိတ်နှင့်တကွ ပေးဆပ်စေရန် အပြီးသတ် ဒီကရီကို ချမှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ကမူလခရိုင်ရုံးသည်တရားလိုနှင့် တရားပြိုင်တို့၏ အစုစပ်လုပ်ငန်းအားမည်သည့်နေ့တွင် ဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် တရားလိုတရားပြိုင်တို့သည် အချိုးတူရထိုက်ခွင့်ရှိကြောင်းကြေညာသည့် ပဏာမဒီကရီကိုချမှတ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ပြီးစာရင်းများ ကောက်ယူရှင်းလင်းစေပြီးမှ အပြီးသတ် ဒီကရီချမှတ်ရမည်ဖြစ်ကြောင်း သုံးသပ်၍ မူလခရိုင်တရားရုံးသည် အမှုအား မူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး တရားလိုတရားပြိုင်တို့ရထိုက်ခွင့်ရှိသော အချိုးနှင့်အစုစပ်လုပ်ငန်းဖျက် သိမ်းကြောင်းကြေညာသည့် ပဏာမဒီကရီ ချမှတ်ကာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်စာရင်းကောက်ယူစေရန် ဒီကရီကိုပြင်ဆင်ချမှတ်ခဲ့သည်။

ဦးစိုးမင်းဦး ပါ ၂ ဦးတို့၏ တရားလွှတ်တော်ရှေ့နေက အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၄ ပြဋ္ဌာန်းချက်အရ အစုစပ်လုပ်ကိုင်ခြင်းဆိုသည်မှာ လူအားလုံးကဖြစ်စေ၊ ယင်းတို့အနက်မှ တစ်ဦးဦးက အားလုံးအတွက်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းမှရရှိသည့် အမြတ်ငွေများကို ခွဲဝေယူရန် သဘောတူသူတို့ တစ်ဦးနှင့်တစ်ဦးဆက်ဆံလုပ်ကိုင်ခြင်းကို ဆိုလိုကြောင်း၊ အစုစပ်လုပ်ကိုင်ခြင်းတွင် ပါဝင်သူတို့ကိုတစ်ဦးချင်းအားဖြင့် အစုစပ်ဝင်များဟုခေါ်ပြီး ယင်းတို့အားစုပေါင်း၍ အစုစပ်လုပ်ငန်းဟု ခေါ်သည့်အပြင် ယင်းတို့ဆောင်ရွက်သည့် လုပ်ငန်းအမည်ကို အစုစပ်လုပ်ငန်း ဟုခေါ်ကြောင်း၊ မူလရုံးတရားလို ဦးအောင်ဌေးနှင့် တရားပြိုင် ဦးစိုးမင်းဦးတို့ ချုပ်ဆိုထားကြသော ၁-၆-၂၀၁၁ နေ့စွဲပါ နှစ်ဦးသဘောတူအကျိုးတူ လုပ်ငန်း ဆောင်ရွက်ခြင်းကတိစာချုပ် သက်သေခံ (က) ကို အခြေခံပြီး တရားလိုက အစုစပ်လုပ်ငန်းဖျက် သိမ်း၍ စာရင်းရှင်းလင်း ခွဲဝေပေးစေလိုမှုစွဲဆိုထားခြင်းမှာ ဥပဒေအရ စွဲဆိုပိုင်ခွင့် မရှိဘဲစွဲဆိုထားခြင်းဖြစ်ကြောင်း၊ မူလခရိုင်တရားရုံးမှလည်း အထက်ပါဥပဒေကို အလေးထား စဉ်းစားဆုံးဖြတ်ခြင်းမရှိဘဲ မူလခရိုင်တရားရုံးတွင် တရားလို ဦးအောင်ဌေး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ထားခြင်းမှာ ဥပဒေနှင့်မညီ မှားယွင်းနေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ဤအယူခံမှုကို ခွင့်ပြုပြီး မူလခရိုင်တရားရုံး ၏ ၂-၂-၂၀၁၇ နေ့တွင် ချမှတ် ခဲ့သောအပြီးသတ် ဒီကရီကို ပယ်ဖျက်၍ မူလခရိုင်တရားရုံးသည် အမှုအားမူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ တရားလို၊ တရားပြိုင်တို့ ရထိုက်ခွင့်ရှိသောအချိုးနှင့် အစုစပ်လုပ်ငန်း ဖျက်သိမ်းကြောင်းကြေညာသည့် ပဏာမဒီကရီ ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ခန့်အပ် စာရင်းကောက်ယူစေရန် ညွှန်ကြားသည့် အမိန့်မှာလည်း မှားယွင်းနေကြောင်း တင်ပြသည်။

ဦးအောင်ဌေး၏ တရားလွှတ်တော်ရှေ့နေက မူလပုသိမ်ခရိုင်တရားရုံးက အသေးစိတ်မြင်တွေ့ သုံးသပ်ပြီး အပြီးသတ်ဒီကရီချမှတ်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း မြင်သာထင်ရှားနေသဖြင့် ယင်းအပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ

ထပ်လောင်းအတည်ပြုပေးသင့်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ယခုအမှုအတွက် ထည့်သွင်းမစဉ်းစားဘဲ သာမန်အစုစပ်လုပ်ငန်း၊ ရှုပ်ထွေးသောအစုစပ်လုပ်ငန်းဖျက်သိမ်းလိုလျှင် ဖျက်သိမ်းကြောင်းနှင့် အစုစပ်လုပ်ငန်းဝင်များမည်သည့် အချိုးအစားရမည့် ပဏာမဒီကရီချမှတ်၍ ကော်မရှင်နာခန့်အပ် စာရင်းကောက်ယူတွက်ချက်ပြီးမှ ယင်းစာရင်းဇယားများအရ ပဏာမ ဒီကရီ အချိုးအစားအရ မည်သူကမည်မျှခံစားရမည်ကို အပြီးသတ်ဒီကရီချမှတ်ရသည့် ရှုပ်ထွေးသော အစုစပ်လုပ်ငန်းမျိုး၏ ယေဘုယျလုပ်ဆောင်ရမှုနှင့် တွက်ချက် ဆုံးဖြတ်ထားသဖြင့် ယခု အမှုနှင့် များစွာကွာခြားနေကြောင်း၊ ယခုအမှုမှာ ရိုးရှင်းလွယ်ကူသောကြောင့် ပဏာမဒီကရီ ချမှတ်ရန် မလိုအပ်ဘဲ အပြီးသတ်ဒီကရီ ချမှတ်နိုင်သောအမှုဖြစ်ကြောင်း ကော်မရှင်နာခန့် စာရင်း ကောက်ပြုလုပ်ရန် လိုအပ်သော အမှုမျိုး မဟုတ်သဖြင့် နှစ်ဦးနှစ်ဘက် အငြင်းမပွားထင်ရှားသော စာရင်းဇယားများအပေါ် တစ်ခါတည်း အပြီးသတ်ဒီကရီ အပြီးသတ်အမိန့်ချမှတ်နိုင်သည့် အမှုမျိုး ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်မှ ချမှတ်ထားသော ဒီကရီအား ပယ်ဖျက်ပြီး မူလ ပုသိမ်ခရိုင်တရားရုံး၏ ၂-၂-၂၀၁၇ ရက်နေ့ ချမှတ်ထားသော အမိန့်နှင့် ဒီကရီအားပြန်လည် အတည်ပြုသည့် အမိန့်တစ်ရပ်ချမှတ် ပေးနိုင်ရန်တင်ပြသည်။

တရားလိုနှင့် တရားပြိုင်တို့သည် မီဖူးအလှုပြင်ဆိုင်လုပ်ငန်းအား နှစ်ဦးသဘောတူ အကျိုးတူလုပ်ဆောင်ရန် ကတိစာချုပ် ကို ၁-၆-၂၀၁၁ နေ့တွင် ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည်။ တရားလိုမှ ကုန်ကျစရိတ်အားလုံး စိုက်ထုတ်ပြီး တရားပြိုင်တို့က လုပ်ငန်းကိစ္စအဝဝအား တာဝန်ယူရန် စည်းကမ်းချက် ၃ ချက်ဖြင့် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

သက်သေခံ (က) စာချုပ်တွင် ပါဝင်သောစည်းကမ်းချက်များမှာလုပ်ငန်းကို ၃ နှစ် ပြည့်အောင် လုပ်ဆောင်ရန်၊ အလှုပြင်ဆိုင်၏ ကုန်ကျစရိတ်များအား ဝင်ငွေအကျိုးအမြတ်မှ နုတ်ပယ်ရန်နှင့် ၃ နှစ်ပြည့်၍ ဆက်လက်လုပ်ကိုင်လိုလျှင် စာချုပ်အသစ် ချုပ်ဆိုရန် သို့မဟုတ် တရားပြိုင်များက ငွေအမ်းယူလျှင် ယူနိုင်ရန် စည်းကမ်းချက်များဖြစ်သည်။

မူလရုံးအမှုတွင် တရားလို ဦးအောင်ဌေးက တရားပြိုင် ဦးစိုးမင်းဦးနှင့် ဒေါ်အိသူထက် တို့အပေါ် ၁-၆-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်း ဆောင်ရွက်ခြင်း ကတိစာချုပ် သက်သေခံ (က) ကို အခြေခံ၍ စွဲဆိုထားခြင်း ဖြစ်သည်။ အဆိုပါ ၁-၆-၂၀၁၁ ရက်စွဲပါ ကတိ စာချုပ် သက်သေခံ (က) တွင် တရားလို တရားပြိုင်တို့ ပူးတွဲ၍ မီဖူး အလှုပြင်ဆိုင်လုပ်ငန်းကို အကျိုးတူ လုပ်ကိုင်ကြရန်၊ လုပ်ငန်းအတွက် ကုန်ကျစရိတ်ငွေအားလုံးကို တရားလို ဦးအောင်ဌေးက စိုက်ထုတ်ရန်၊ လုပ်ငန်းကိစ္စအဝဝကို တရားပြိုင် ဦးစိုးမင်းဦး နှင့် ဒေါ်အိသူထက်တို့က တာဝန်ယူ လုပ်ကိုင်ခြင်းဖြင့် အကျိုးတူ လုပ်ကိုင်ကြရန် ချုပ်ဆိုထားကြောင်း သက်သေခံချက်များ တင်ပြ ထားကြသည်။

အစုစပ်လုပ်ငန်းသဘောသဘာဝကို အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၄၊ ၅၊ ၆ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ယင်းဥပဒေပုဒ်မ ၄ တွင် အစုစပ်လုပ်ကိုင်ခြင်းဆိုသည်မှာ အားလုံးကဖြစ်စေ၊ ယင်းတို့ အနက် တစ်ဦးဦးက အားလုံးအတွက်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းမှ ရရှိသည့် အမြတ် ငွေများကို ခွဲဝေယူရန် သဘောတူသူတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံလုပ်ကိုင်ခြင်းကိုဆိုသည်။

ပုဒ်မ ၅ တွင် အစုစပ်လုပ်ကိုင်ခြင်းဆိုင်ရာ ဆက်ဆံလုပ်ကိုင်ခြင်းသည် ပဋိညာဉ်အရ ဖြစ်ပေါ် လာခြင်းဖြစ်ပြီး အခြေအနေမှ ဖြစ်ပေါ်လာခြင်းမဟုတ်။

ပုဒ်မ ၆ တွင် အစုစပ်လုပ်ငန်း ဟုတ် မဟုတ် သို့မဟုတ် တစ်ဦးဦးမှာ အစုစပ်လုပ်ငန်း၌ အစုစပ်ဝင် ဟုတ် မဟုတ် ဆုံးဖြတ်ရာတွင် သက်ဆိုင်သော အကြောင်းခြင်းရာအားလုံးကို ပေါင်းစပ်ပြီး ပေါ်လွင်သည့် တစ်ဦးနှင့်တစ်ဦး အမှန်တကယ် ဆက်ဆံလုပ်ကိုင်ပုံကို အထောက်အထား ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အစုစပ်လုပ်ငန်းသည် ၂ ဦး သို့မဟုတ် ၂ ဦးထက်ပိုသောသူများက စည်းကမ်းချက် ထား၍ အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်။ အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်း အက်ဥပဒေအရ သဘောတူစာချုပ်ကို မှတ်ပုံတင်ရမည်ဟုလည်း ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် သက်သေခံ (က) စာချုပ်ဖြင့် တရားလို တရားပြိုင်တို့သည် အစုစပ်လုပ်ငန်း လုပ်ကိုင်ခဲ့ကြကြောင်း သုံးသပ်ရပေသည်။

တရားလိုနှင့် တရားပြိုင်တို့သည် ၂၀၁၁ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် မေလအထိ အနည်းဆုံး ၃ နှစ် လုပ်ကိုင်ရန် သဘောတူညီထားခဲ့ကြသော်လည်း တရားပြိုင်များက အစုစပ် လုပ်ငန်းတွင် အစုဝင်တစ်ဦး ထားရှိရမည့် တာဝန်ဝတ္တရားများအား ရိုးသားဖြောင့်မတ်ခြင်း မရှိဘဲ တမင်ပေါ့လျော့ပျက်ကွက်စွာ ဆောင်ရွက်ခဲ့ကြသဖြင့် တရားလိုသည် နစ်နာမှုများ ရှိကြောင်း တင်ပြသည်။ ထို့ပြင် တရားလိုက သက်သေခံ (ခ) ၃-၁-၂၀၁၃ ရက်စွဲဖြင့် တရားပြိုင်များထံ အစုစပ်လုပ်ငန်းစည်းကမ်းများကို မလိုက်နာသောကြောင့် ပေးလျော်မှုများ ပြုလုပ်ရန် နို့တစ်စာ ပေးပို့ခဲ့သည်။ တရားပြိုင်များကလည်း ၁-၁၁-၂၀၁၃ ရက်စွဲပါ သက်သေခံ (၃) ဖြင့် လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်သောကြောင့် လုပ်ငန်းရပ်စဲရှင်းလင်းရန်ဟူ၍ အကြောင်း ပြန်ကြား ထားကြသဖြင့် အစုစပ်လုပ်ငန်းအား နှစ်ဖက်စလုံးက ဆောင်ရွက်ခြင်းအား ရပ်စဲခဲ့ကြပြီး ကြောင်း ပေါ်ပေါက်သည်။

အစုစပ်လုပ်ငန်း၏ အခြေခံသဘောမှာ လုပ်ငန်းမှ အမြတ်အရှုံးတို့ကို အစုရှင်အားလုံးက အချိုးကျခွဲဝေပေးကြရန်နှင့် ကျခံကြရန် ဖြစ်သည်။ အစုစပ်လုပ်ငန်းများကို ဖျက်သိမ်းသည့်အခါ စာရင်းရှင်းလင်းဆောင်ရွက်ရမည့် လုပ်ငန်းလည်း တစ်ဆက်တည်း ပေါ်ပေါက်သည်။ အစုစပ် လုပ်ငန်းအက်ဥပဒေပုဒ်မ ၄၈ အရ အစုစပ်လုပ်ငန်းက ပေးရန်ရှိသည်များကို ပေး၍ ကျန်ရှိသည် များကို အစုစပ်ဝင်များ ခွဲဝေယူကြရန် ဖြစ်သည်။

အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများအား မခွဲယူမီ အစုစပ်ဝင်များ အနေနှင့် အစုစပ်ဝင် လုပ်ငန်းပိုင်အဖြစ် ရှိနေသည့် ပစ္စည်းအပေါ် အရေးဆိုခွင့်လည်း မရှိသေးပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်းဥပဒေ ၁၅ တွင် အစုစပ်လုပ်ငန်းတစ်ခုကို ဖျက်သိမ်းပေးစေရန် သို့မဟုတ် အစုစပ်လုပ်ငန်း၏ စာရင်းကို ကောက်ယူရှင်းလင်းပေးစေရန် စွဲဆိုသော အမှုတွင် အစုစပ်လုပ်ငန်းများကို မည်သည့် အချိုးဖြင့်ရရှိထိုက်ကြောင်း ဆုံးဖြတ်၍ မည်သည့်နေ့၌ ဖျက်သိမ်းကြောင်း ဖော်ပြပြီး စာရင်းများ ကောက်ယူရန်နှင့် အခြားဆောင်ရွက်ရန် ရှိသည်တို့ကို ဆောင်ရွက်ရန် အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ပဏာမဒီကရီမှာ တရားမ

ကျင့်ထုံးဥပဒေနောက်ဆက်တွဲ (ဃ) ပုံစံအမှတ် ၁၉ ဖြစ်သည်။ **ဦးသိန်းမွေး နှင့် ဦးသန်းလွင် အမှု** [၁] တွင် ကြည့်ပါ။

အစုစပ်လုပ်ငန်းနှင့်ပတ်သက်ပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်းဥပဒေ ၁၅ တွင် အစုစပ်လုပ်ငန်းဖျက်သိမ်းလိုကြောင်း၊ တရားမမှုစွဲဆိုသည်ကို အပြီးသတ်ဒီကရီ ချမှတ်ခြင်း မပြုသေးမီ ပဏာမဒီကရီ ချမှတ်နိုင်ကြောင်း ပဏာမဒီကရီအရ အစုစပ်လုပ်ငန်း စာရင်းအပေါ် ပြုစုရန်နှင့် မည်သည့်နေ့ရက်တွင် အစုစပ်လုပ်ငန်း ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရန် စသည် တို့ကို ရုံးတော်က သင့်လျော်သလို ပဏာမဒီကရီတွင် ဖော်ပြပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် သက်သေခံ (က) စာချုပ်အရ တရားလိုနှင့်တရားပြိုင်တို့သည် အစုဝင်များ ဖြစ်ကြကြောင်းနှင့် သက်သေခံ (ခ) နှင့် သက်သေခံ (ဂ) နို့တစ်စာ ပြန်ကြားစာများ အရ မီဖူး အလုပြင်ဆိုင်လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခြင်း မပြုကြတော့ကြောင်း ထင်ရှား သည်။

တရားလိုက နစ်နာကြေး ရရန်တောင်းဆိုထားသကဲ့သို့ တရားပြိုင်များကလည်း စာရင်းရှင်းလင်းပြီးကြောင်း အစုစပ်လုပ်ငန်း၏ အရှုံးအမြတ် မျှဝေခံစားရမည်ဖြစ်ကြောင်း တရားလို တောင်းဆိုသော နစ်နာကြေးငွေမှာ မှန်ကန်မှု မရှိကြောင်း ချေပထားသည်။ တရားလို အနေဖြင့် နစ်နာကြေးနှင့်စပ်လျဉ်း၍ အသေးစိတ် တွက်ချက်တင်ပြထားခြင်းလည်း မရှိကြောင်း တွေ့ရသည်။

"အစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန်" လုပ်ငန်းဆိုင်ရာစာရင်းရှင်းရန် တရားစွဲဆိုသော အမှုတွင် ပဏာမဒီကရီချမှတ်ရာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်းဥပဒေ ၁၅ အရ တရားရုံးသည် အစုစပ်များ မည်သည့်အချိုးဖြင့် ရထိုက်ကြောင်း ဆုံးဖြတ်၍ မည်သည့်နေ့၌ ထိုအစုစပ်ကို ဖျက်သိမ်းပြီးကြောင်း ဖော်ပြပြီး စာရင်းများ ကောက်ယူရန်နှင့် အခြားဆောင်ရွက်ရန် ရှိသည်တို့ကိုဆောင်ရွက်ရန်အမိန့်ချရမည်ဖြစ်သည်။ **ဟဆန်မာမွတ် နှင့် မိုဟာမက်ဆာဒစ်ဘင်ခါနင်(မ်) (ခ) ဂွန်အက် (စ်) ဂါ အမှု** [၂] တွင် ကြည့်ပါ။

တရားလိုနှင့်တရားပြိုင်များက မီဖူးအလှပြင်ဆိုင်လုပ်ငန်းကို ငွေစိုက်လုပ်အားစိုက်၍ အကျိုးတူဆောင်ရွက်ခဲ့ကြသဖြင့် မီဖူး အလှပြင်လုပ်ငန်း အရှုံးအမြတ် စာရင်းအပေါ် အကျိုးအမြတ် နှင့် နစ်နာကြေးမည်မျှ ရထိုက်သည်တို့ကို စစ်ဆေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ ခန့်အပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

သို့ဖြစ်ရာ မူလပုသိမ်ခရိုင်တရားရုံးသည် အမှုအား မူလအမှုနံပါတ်ဖြင့် ပြန်လည် ဖွင့်၍ တရားလို တရားပြိုင်တို့ ရထိုက်ခွင့်ရှိသော အချိုးနှင့် အစုစပ်လုပ်ငန်း ဖျက်သိမ်းကြောင်း ကြေညာသည့် ပဏာမဒီကရီ ချမှတ်ကာ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိခန့်အပ် စာရင်း ကောက်ယူစေရန် ညွှန်ကြားသည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီမှာ ဥပဒေနှင့် ညီညွတ်မှုရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက်စွက်ဖက်ရန် မရှိပေ။

---

၁။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၃၂ (၁၄၆)

၂။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ - ၅၃၃

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး အယူခံမှု ၂ မှုလုံးကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(အောင်ဇော်သိန်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး